ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# လူငယ်ရေးရာမူဝါဒ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ



# ဥပဒေအကျဉ်း

လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပုခုံးပြောင်း တာဝန်ယူကြရမည်ဖြစ်ပြီး အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြရမည့်သူများ ဖြစ်ကြပါသည်။ နိုင်ငံတော်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသော အစိုးရအနေဖြင့် မျိုးဆက်သစ်လူငယ်များ အခွင့်အရေး အပြည့်အဝရရှိနိုင်သည့် လွတ်လပ်လုံခြုံစွာဖွံ့ဖြိုးနိုင်ခွင့်ရှိသည့်စနစ်ကို ယနေ့လူငယ်များအတွက် ဖော်ဆောင်နိုင်ရန် ကြိုးစားလျက်ရှိပါသည်။

ယခုလူငယ်ရေးရာမူဝါဒ ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းသည် လူငယ်မျိုးဆက်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်တစ်ခု ခိုင်ခိုင်မြဲမြဲ ချမှတ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဤမူဝါဒတွင် ယနေ့နိုင်ငံတော်အတွက် အဓိကလိုအပ်လျက်ရှိသော ငြိမ်းချမ်းရေးကဏ္ဍကိုလည်း ထည့်သွင်းထားပြီး လူငယ်များကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ကာ နောင်လာမည့် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအမွေ ပေးခဲ့နိုင်ရန်လည်း ရည်ရွယ်ထားပါသည်။

နိုင်ငံတော် အရှည်သဖြင့် ငြိမ်းချမ်းဖွံ့ဖြိုးရေးအတွက် နောင်အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် လူငယ်မျိုးဆက်သစ်များသည် တစ်ခေတ်ထက်တစ်ခေတ်ပိုမိုထူးချွန်ထက်မြက်စွာဖြင့် တွေ့ကြုံရမည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် လွန်စွာအရေးကြီးလှပါသည်။ လူငယ်ရေးရာမူဝါဒသည် လူငယ်မျိုးဆက်သစ်များ အဖက်ဖက်မှဖွံ့ဖြိုးတိုးတက်နိုင်ရန် အခွင့်ရှိသော၊ ထောက်ပံ့အားပေးနေသော ပတ်ဝန်းကျင်၊ စနစ်တစ်ခု

ပေါ်ပေါက်ရန် အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသူ လူငယ်များအားလုံးက ယခုမူဝါဒကိုသိရှိကြပြီး မူဝါဒပါအခန်းကဏ္ဍများကို အကောင်အထည်ဖော်ရာတွင် ပြီးခဲ့သောကာလများ၏ သင်ခန်းစာယူစရာများ၊ မိမိတို့၏ အတွေးသစ်အမြင်သစ်များကို ဖော်ထုတ်၍ ပြည်ထောင်စုစိတ်ဓါတ်အပြည့်ဖြင့် ပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

ယခုလူငယ်ရေးရာမူဝါဒ ပေါ်ပေါက်လာရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း သိရှိစေအပ်ပါသည်။



အောင်ဆန်းစုကြည်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

# အမှာစာ



လူငယ်ထုအင်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်ဖြစ်ပြီး နောင်အချိန်တွင် အနာဂတ်နိုင်ငံကို ခေါင်းဆောင်ရန် လက်ဆင့်ကမ်းအမွေယူကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းလျက်ရှိသော အစိုးရအနေဖြင့် လူငယ်များ၏အရေးပါသောကဏ္ဍကို ချန်လှပ်မထားဘဲ အဖက်ဖက်မှ မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးသွားရန် အစဉ်ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူငယ်များအတွက် အခွင့်အရေးအပြည့်အဝရရှိရေးနှင့် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရေးအတွက် အထောက်အကူပြုမည့် မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ် ကိုယ်စားပြုလူငယ်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် UN Agencies များအတူ ပူးပေါင်း၍ ရေးဆွဲခဲ့ကြပါသည်။

အဆိုပါ မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒရေးဆွဲရာတွင် လူငယ်တွေ့ဆုံ ဆွေးနွေးပွဲများကို လူငယ်များကိုယ်တိုင်တက်ကြွစွာ နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်

ခဲ့ပြီး လူငယ်ထုဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍအသီးသီးတွင် နိုင်ငံတစ်ဝန်းရှိ လူငယ်များ၏အသံကို ကိုယ်စားပြုသော အကြံပြုချက်များ၊ တောင်းဆို ချက်များကို ခြုံငုံထည့်သွင်း ရေးဆွဲနိုင်ခဲ့ပါသည်။ ၎င်းကို လူငယ်ရေးရာမူဝါဒရေးဆွဲရေးဆိုင်ရာ မူကြမ်းရေးဆွဲရေး အဖွဲ့အစည်းအဝေး၊ လုပ်ငန်းကော်မတီ အစည်းအဝေး၊ ဗဟိုကော်မတီအစည်းအဝေးတို့တွင် အဆင့်ဆင့်ထပ်မံဆွေးနွေးပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုနိုင်ခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်ရာ ၎င်းကို အခြေခံပြီး လူငယ်ထုအတွင်း ကဏ္ဍအလိုက် စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပေးမည့် ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် လူငယ်များသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကအခန်းကဏ္ဍက ပါဝင်လာနိုင်မည်ဖြစ်သောကြောင့် အထူးပင်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း သိရှိစေအပ်ပါသည်။

ဒေါက်တာဝင်းမြတ်အေး

ပြည်ထောင်စုဝန်ကြီး

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဥယျောဇဉ် | |
| | အမှာစာ | |
| ၁။ | နိဒါန်း | ၁ |
| ၂။ | မျှော်မှန်းချက် | ၃ |
| ၃။ | ရည်မှန်းချက် | ၃ |
| ၄။ | လူငယ်မူဝါဒ၏ ရည်ရွယ်ချက်များ | ၃ |
| ၅။ | လူငယ်မူဝါဒရေးဆွဲမှု ဖြစ်စဉ် | ၆ |
| ၆။ | လူငယ်မူဝါဒရေးဆွဲရေးအတွက် အခြေခံအကြောင်းအရင်းများ | ၉ |
| ၇။ | လူငယ်မူဝါဒ၏ အခြေခံမူများ | ၁၃ |
| ၈။ | အဓိပ္ပါယ်ဖွင့်ဆိုချက်များ | ၁၅ |
| ၉။ | လူငယ်မူဝါဒအဓိကကဏ္ဍများ | ၁၈ |
| ၁၀။ | အရေးပေါ်အခြေအနေများ | ၄၂ |
| ၁၁။ | လူငယ်များရရှိနိုင်သောအခွင့်အလမ်းများ | ၄၂ |
| ၁၂။ | လူငယ်များ၏တာဝန်ဝတ္တရားများ | ၄၂ |
| ၁၃။ | သက်ဆိုင်ရာအသီးသီး၏တာဝန်ဝတ္တရားများ | ၄၃ |
| ၁၄။ | ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုယန္တရား | ၄၃ |
| ၁၅။ | မူဝါဒကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၄၄ |
| ၁၆။ | မူဝါဒအကောင်အထည်ဖော်ရန် အရင်းအမြစ်လိုအပ်ချက်များ | ၄၅ |
| ၁၇။ | ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်း | ၄၆ |
| ၁၈။ | နိဂုံး | ၄၆ |

## နိဒါန်း

၁။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ရာ နိုင်ငံတစ်ခု ဖြစ်သည်နှင့်အညီ မတူကွဲပြားသော ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း သမိုင်းကြောင်း အသီးသီးတို့ရှိခဲ့သည့်ပြင် လူမှုဘဝနေထိုင်မှုပုံစံမတူညီသော ပြည်ထောင်စုနိုင်ငံတစ်ခု ဖြစ်ပါသည်။ လူငယ်ဆိုသည်မှာ အလားအလာကောင်းများကို ပိုင်ဆိုင်ထားကြသူများ ဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အကောင်းအဆိုးသည် လူငယ်များ၏ဖွံ့ဖြိုး တိုးတက်မှုနှင့် စွမ်းရည်အပေါ်တွင်တည်မှီနေပါသည်။ လူငယ်များသည် နိုင်ငံ၏အဖိုးတန် သော အရင်းအမြစ်များဖြစ်သည့်အားလျော်စွာ လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်ကာလတွင် ရင်းနှီးမြှုပ်နှံခြင်းပြုရန် အလွန်ပင်အရေးကြီးပြီး အခြေခံလည်းကျ ပါသည်။

၂။ ယနေ့ကမ္ဘာပေါ်တွင် လူငယ်ဦးရေ တစ်ဘီလီယံခန့်ရှိရာ ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းခန့်ရှိပါသည်။ ကမ္ဘာ့လူငယ်ထု၏ အခြေအနေမှာ ဒေသများ အကြား၊ နိုင်ငံများအကြား၊ လူ့အဖွဲ့အစည်းများအကြား၊ စီးပွားရေး၊ လူမှုရေး၊ နည်းပညာ နှင့်ယဉ်ကျေးမှုအရ ကွာဟမှုများ မတူညီမှုများကို ဆိုးရွားစွာ ကြုံတွေ့နေရပါသည်။ လူငယ် ဦးရေ၏ ၈၅ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိပြီး အာရှဒေသတစ်ခု အတွင်းမှာပင် ၆၀ ရာခိုင်နှုန်းခန့်ရှိနေပါသည်။

၃။ လူငယ်ဦးရေအနည်းစုမှာ လူ့အသိုင်းအဝိုင်းတွင် အကျိုးရှိစွာဝင်ဆံ့နိုင်ပြီး လိုအပ်သော သတင်းအချက်အလက်၊ ဗဟုသုတနှင့်ဝန်ဆောင်မှုများကို ရရှိနေသော်လည်း လူငယ်အများစုမှာမူဆင်းရဲနွမ်းပါးမှု၊ ကျား၊မတန်းတူမညီမျှမှု၊ နိမ့်ကျသောပညာရေးအဆင့်

အတန်းနှင့် ပညာရေးလက်လှမ်းမမီမှု၊ နိမ့်ကျသောကျန်းမာရေး၊ လိင်မှတဆင့် ကူးစက်သောရောဂါနှင့် အိတ်ချ်အိုင်ဗွီအန္တရာယ်၊ အဆင့်သင့်မဖြစ်မီ ကိုယ်ဝန်ဆောင်ရခြင်း၊ မသန်စွမ်းမှု၊ လုံခြုံမှုမရှိသော နေရာထိုင်ခင်း၊ အကြမ်းဖက်မှုများ၊ ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ မူးယစ်ဆေးပြဿနာ၊ တန်းတူညီမျှမှုနှင့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်မရရှိခြင်း စသော ပြဿနာအခက်အခဲများကို ရင်ဆိုင်နေကြရပါသည်။

၄။ လူငယ်မူဝါဒဆိုသည်မှာ နိုင်ငံတစ်နိုင်ငံရှိလူငယ်များ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးမှု အနာဂါတ်အလားအလာကောင်းများကို ဖြည့်ဆည်းနိုင်မည့် မဟာဗျူဟာလမ်းညွှန်ချက်များကို နိုင်ငံတော်နှင့် သက်ဆိုင်သူများ အားလုံးမှ သန္နိဋ္ဌာန်ချဆောင်ရွက်နိုင်ရန် လိုအပ်သော အရင်းအမြစ်များ၊ ပံ့ပိုးမှုများ၊ ဝန်ဆောင်မှုများကို စနစ်တကျဖော်ညွှန်းထားသော မူဘောင်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် လူမှုပတ်ဝန်းကျင်အတွင်း ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံတော်ကို ကာကွယ်တည်ဆောက်နိုင် မည့်စွမ်းရည်ပြည့်ဝသော လူငယ်များပေါ်ထွန်းလာစေရန် မျှော်မှန်းချက်၊ လမ်းစဉ်နှင့်ရည်ရွယ်ချက်များ ပါဝင်ပြီး လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည့် တိကျသေချာသော မဟာဗျူဟာများအဖြစ် ပြောင်းလဲပေးနိုင်ရန် လူငယ်မူဝါဒလိုအပ်ပါသည်။ လူငယ်မူဝါဒရှိမှသာလျှင် လူငယ်များစွမ်းရည် မြှင့်တင်ရန်နှင့်ပါဝင်မှု အခန်းကဏ္ဍတိုးမြှင့်ရန် ရှင်းလင်းတိကျပြီး ကျယ်ပြန့်သော မူဘောင်တစ်ခုကို သတ်မှတ်ပေးနိုင်သည်နှင့်အမျှ အထက်ဖော်ပြပါ ပြဿနာများကို လျော့နည်းပပျောက်စေမည်ဖြစ်ပါသည်။

## မျှော်မှန်းချက်

၅။ နိုင်ငံတကာနှင့်ရင်ဘောင်တန်းနိုင်မည့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် လူငယ်များက အဓိကအခန်း ကဏ္ဍတစ်ရပ်မှနေ၍ စည်းလုံးညီညွတ်စွာဖြင့် ဦးဆောင်ပူးပေါင်းကြိုးပမ်းဆောင်ရွက် လာနိုင်စေရန် မျှော်မှန်းပါသည်။

## ရည်မှန်းချက်

၆။ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စွမ်းရည်၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ဦးဆောင်မှု အရည်အသွေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည်တို့တွင် သာတူညီမျှ ဘက်စုံဖွံ့ဖြိုးတိုးတက်သော လူငယ်များအဖြစ် ပျိုးထောင်ပေးပြီး နိုင်ငံ့သားကောင်း လူငယ်များ ပေါ်ထွန်းလာရန် ရည်မှန်းပါသည်။

## လူငယ်မူဝါဒ၏ရည်ရွယ်ချက်များ

၇။ အောက်ပါတို့သည် လူငယ်မူဝါဒ၏ ရည်ရွယ်ချက်များဖြစ်ပါသည် -

(က) အနာဂတ်တွင် တိုင်းပြည်၏ အခန်းကဏ္ဍအားလုံး၌ လူငယ်များ၏ ဦးဆောင်မှု စွမ်းရည်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သော အရည်အသွေးပြည့်မီသည့် ပညာသင်ယူရေး အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရန်၊

( ခ)　လူငယ်များ၏စွမ်းရည်၊ ကျွမ်းကျင်မှုနှင့် ထိုက်တန်သော အလုပ်အကိုင်များရရှိစေခြင်း၊ တီထွင်ဖန်တီး ထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများကို ဖော်ထုတ်ပေးခြင်းဖြင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်လာနိုင်စေရန်၊

( ဂ)　စီမံအုပ်ချုပ်မှုစွမ်းရည်၊ ဦးဆောင်မှုစွမ်းရည်၊ နိုင်ငံသားကောင်း ပီသမှုနှင့်ပတ်သက်သည့် အရည်အသွေးမြင့်မားလာခြင်းဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဓါတ်ကို ပျိုးထောင်ပေးနိုင်ရန်၊

(ဃ)　သိပ္ပံနှင့် နည်းပညာ၊ တိုင်းရင်းသားစာပေနှင့်ဘာသာစကား၊ နိုင်ငံခြားဘာသာစကား၊ လက်သင်္ကေတပြ ဘာသာစကားနှင့် မျက်မမြင်စာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းဖလှယ်ရေး အစီအစဉ်များနှင့် ပတ်သက်ပြီး မြှင့်တင်ပေးရန်၊

( င)　မျိုးဆက်ပွားနှင့် လိင်မှုဆိုင်ရာ ကျန်းမာရေးဗဟုသုတများ၊ အခြေခံကျန်းမာရေးဆိုင်ရာ အချက်အလက်များ လက်လှမ်းမီရရှိစေရန်၊ စိတ်ကျန်းမာရေးအပါအဝင် လိုအပ်သော ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများရရှိစေရန်၊

( စ)　အန္တရာယ်ရှိသော ဆေးဝါးများနှင့် မူးယစ်စွဲလမ်းစေတတ်သော အရာများကို လူငယ်များအတွက်ဘက်ပေါင်းစုံမှ ထိရောက်စွာ ကာကွယ်ရန်၊

(ဆ)　ဇီဝနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးမှုလိုအပ်ချက်တို့အကြား ဟန်ချက်ညီမျှတရေးကို ဦးစားပေးသည့် ရေရှည်တည်တံ့

သော ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် လူငယ်များကိုယ်ပိုင်အသိစိတ်ဖြင့် ပါဝင်လာနိုင်ရန်၊

( ဇ) နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဇီဝနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများတွင် လူငယ်များကိုယ်ပိုင်အသိစိတ်ဖြင့် ပါဝင်လာနိုင်ရန်၊

( ဈ) လူငယ်ဖွံ့ဖြိုးမှု အစီအစဉ်များကို နိုင်ငံအတွင်းရှိ မူဝါဒများ၊ မဟာဗျူဟာစီမံကိန်းများတွင် ထည့်သွင်းနိုင်ရန်၊

(ည) အမျိုးသား ရင်ကြားစေ့ရေး၊ အမျိုးသားသွင်ပြင် လက္ခဏာတည်ဆောက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် လူငယ်များဦး ဆောင်ပါဝင်မှု တိတိကျကျပြဋ္ဌာန်းပေးရန်၊ လူငယ်များအကြား ပြည်ထောင်စုစိတ်ဓါတ် ထွန်းကားပြန့်ပွားလာစေရန်၊

( ဋ) အထူးအလေးပေးရမည့် လူငယ်များကို ခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ပေးရန်၊ အခွင့်အလမ်းများဖန်တီးပေးရန်နှင့် နိုင်ငံတော်၏ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန်၊

( ဌ) နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ရင်ဘောင်တန်းနိုင်သော လူငယ်များ ပေါ်ထွက်လာစေရန်၊

( ဍ) လူငယ်မူဝါဒကို လက်တွေ့အကောင်အထည်ဖော်ရန် အပြည့်အဝ တာဝန်ယူမည့်ယန္တရား၊ လူငယ်ဖွံ့ဖြိုးမှု၊ အခြေခံအဆောက်အအုံများ ဖော်ထုတ်ရန်နှင့်လူငယ်ဖွံ့ဖြိုးမှု မြှင့်တင်ရာတွင် ပြည်ထောင်စုအစိုးရ

အဖွဲ့များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ အခန်းကဏ္ဍနှင့် ဘဏ္ဍာရန်ပုံငွေကို တိကျရှင်းလင်းစွာ ပြဋ္ဌာန်းပေးနိုင်ရန်၊

(ဎ) လူငယ်မူဝါဒ အကောင်အထည်ဖော်မှုဆိုင်ရာ ယန္တရားလည်ပတ်ရာတွင် အမှန်တကယ် ထိရောက်မှန်ကန်သော အကောင်အထည်ဖော်နိုင်မှု လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူငယ်ရေးရာမူဝါဒ ပေါ်ထွက်လာစေရန်၊

(ဏ) လူငယ်များသည် ငြိမ်းချမ်းမှုကို ချစ်ခင်မြတ်နိုးသောပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးဖော်ဆောင်နိုင်စေရန်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များ၏ပါဝင်မှု အခန်းကဏ္ဍကို မြှင့်တင်အားပေးရန်။

## လူငယ်မူဝါဒရေးဆွဲမှုဖြစ်စဉ်

၈။ မြန်မာနိုင်ငံသည် လူငယ်မူဝါဒမရှိသေးသည့် ကမ္ဘာ့နိုင်ငံ(၃၀)ကျော်ထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ မြန်မာနိုင်ငံရှိ လူငယ်များဖွံ့ဖြိုးတိုးတက်မှုအတွက် လူငယ်မူဝါဒတစ်ရပ်ရှိရန် လိုအပ်သည်ကို ခေတ်အဆက်ဆက်အစိုးရများက သိရှိခဲ့သော်လည်း အခက်အခဲအမျိုးမျိုးနှင့် အခြေအနေအရပ်ရပ်ကြောင့် လူငယ်မူဝါဒရေးဆွဲနိုင်ခြင်းမရှိခဲ့ပါ။ လူငယ်မူဝါဒမရှိသော်လည်း လူငယ်များနှင့်ပတ်သက်သည့် အရေးအရာနှင့်ကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက မဟာဗျူဟာများနှင့် လုပ်ငန်းစီမံချက်များအရ ဆောင်ရွက်ခဲ့ကြပါသည်။ လိုအပ်ချက်များကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်သော်လည်း ပြီးပြည့်စုံသော အခြေအနေကို ရရှိခဲ့ခြင်းမရှိပါ။ အထူးသဖြင့်

ဝန်ကြီးဌာနများအကြား၊ အဖွဲ့အစည်းများအကြား၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ညှိနှိုင်းဆောင်ရွက်မှုယန္တရား ပီပြင်မှုမရှိသည့်အတွက် အခက်အခဲများစွာကို ရင်ဆိုင်ခဲ့ရပါသည်။

၉။ ၂၀၁၂ခုနှစ်မှ စတင်ပြီး လူငယ်အဖွဲ့များ၊ လူငယ်ကွန်ရက်များအချင်းချင်း၊ အပြန်အလှန် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုဖြင့် ဦးဆောင်ကာ အရပ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ လူငယ်မူဝါဒ ပီပီပြင်ပြင်ဖြစ်ပေါ်လာရေးတွန်းအားပေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ မတည်ငြိမ်မှုများက မူဝါဒရေးဆွဲရေးဖြစ်စဉ်အတွက် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်စေခဲ့သည်ကိုလည်း သင်ခန်းစာယူဖွယ်တွေ့ရှိခဲ့ ရပါသည်။

၁၀။ ၂၀၁၆ခုနှစ်၊ ပြည်သူ့အစိုးရလက်ထက်တွင်မူ လူငယ်မူဝါဒရေးဆွဲရေးသည် ဦးစားပေးဖြစ်လာသည်မှ အစပြုကာ ဤမူဝါဒဖြစ်ပေါ်လာရေးအတွက် အခြေအနေကောင်းများ ပေါ်ပေါက်လာခဲ့ပါသည်။ လူငယ်များဘက်မှလည်း လူငယ်ကွန်ယက်များ၊ အဖွဲ့အစည်းများ ပီပီပြင်ပြင်လှုပ်ရှား ဆောင်ရွက်နေချိန်ဖြစ်သည့်အတွက် တက်ကြွပြီး လူငယ်ကောင်းကျိုးလိုလားသူ လူငယ်များပါဝင်ရန် အဆင်သင့်ဖြစ်လာပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် လူငယ်များ၏ အရည်အသွေး၊ စိတ်ဓါတ်၊ စွမ်းအားနှင့် အလားအလာများကို ယုံကြည်သည့်နည်းတူ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေး၏ အခြေခံကျပြီး တန်ဖိုးရှိသော အရင်းအမြစ်တစ်ခုအဖြစ် မှတ်ယူပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့်အတူ လူငယ်များမှဦးဆောင်ပါဝင်သော လူငယ်မူဝါဒပေါ်ပေါက်လာရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းကာ လုပ်ငန်းများ

စတင်နိုင်ခဲ့ပါသည်။ ထိုကော်မတီ အဆင့်ဆင့်တွင်လည်း လူငယ်ကိုယ်စားလှယ်များ ပါဝင်ကာ ဖွဲ့စည်းထားရှိပြီး လူငယ်များ၏သဘောထား၊ လူငယ်များ၏အသံနှင့် လူငယ်များ၏အကြံဉာဏ်ကို အခြေခံကျကျရယူနိုင်ရန် စီမံဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် လူ့အခွင့်အရေး စံချိန်စံညွှန်းများ၊ နိုင်ငံ၏အနေအထားအရ မတူကွဲပြားမှုများ၊ မြေပြင်လိုအပ်ချက်များ၊ လက်ရှိကျင့်သုံးနေသောအခြားမူဝါဒများ၊ အမျိုးသားအဆင့် မဟာဗျူဟာများနှင့် သွေဖီမှုမရှိအောင် စဉ်းစားသုံးသပ်ခဲ့ပါသည်။

၁၁။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူငယ်ဆွေးနွေးပွဲများ၊ ဖိုရမ်များ ညှိနှိုင်းမှုများကို အတတ်နိုင်ဆုံး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့သည့်အပြင် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား အစီအစဉ်များဖြင့်လည်း တစ်နိုင်ငံလုံးရှိ လူငယ်များ၊ စိတ်ဝင်စားသူများ သိရှိနိုင်ရန်နှင့် အကြံပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် လူငယ်များ၏ သဘောထားအမြင်ကောက်ခံခြင်းကို ကွင်းဆင်း၍လည်းကောင်း၊ အင်တာနက်လူမှုကွန်ရက်မှလည်းကောင်း ပြုလုပ်ခဲ့ကြပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များကို လူငယ်များကိုယ်တိုင် ရွေးချယ်သတ်မှတ်ပြီး ကော်မတီအသီးသီးတွင် ပါဝင်နိုင်ရန် ဆုံးဖြတ်ချက်ချခဲ့ကြပါသည်။

၁၂။ လူငယ်များနှင့် သက်ဆိုင်သောအကြောင်းအရာနှင့် ကိစ္စရပ်များမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်ဖြစ်ရာ အစိုးရဌာနအချင်းချင်း၊ အဖွဲ့အစည်း အချင်းချင်းနှင့် သက်ဆိုင်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည်မှာ ထင်ရှားသည်။ ထို့ကြောင့် ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် လူငယ်အဖွဲ့များ ချိတ်ဆက်ဆောင်ရွက်နိုင်မည့် လက်တွေ့ကျသော ယန္တရားတစ်ခုဖော်ဆောင်ပြီး ဤမူဝါဒကို ရေးဆွဲခဲ့ပါသည်။

၁၃။ မြန်မာနိုင်ငံ လူငယ်မူဝါဒရေးဆွဲရေးဆိုင်ရာ မူကြမ်းရေးဆွဲရေးအဖွဲ့ အစည်းအဝေး(၃)ကြိမ်၊ လုပ်ငန်းကော်မတီ အစည်းအဝေး(၂)ကြိမ်နှင့် ဗဟိုကော်မတီအစည်းအဝေး(၁)ကြိမ်တို့ ကျင်းပဆောင်ရွက်ခဲ့ပြီး လူငယ်မူဝါဒရေးဆွဲရေးဆိုင်ရာ ကော်မတီ (၃)ရပ်တွေ့ဆုံပွဲကို (၂၄.၈.၂၀၁၇)ရက်နေ့တွင် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး (၃)ဦးနှင့်အတူ ကျင်းပပြုလုပ်ခဲ့ပြီး ဤလူငယ်ရေးရာမူဝါဒကို သက္ကရာဇ် ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်၊ ၅ရက် (ခရစ်နှစ် ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ၊ ၈ရက်) နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။

## လူငယ်မူဝါဒရေးဆွဲရေးအတွက် အခြေခံအကြောင်းအရင်းများ

၁၄။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် တည်ရှိပြီး ဧရိယာအကျယ်အဝန်း ၂၆၁,၂၂၈ စတုရန်းမိုင်ကျယ်ဝန်းသော နိုင်ငံတစ်နိုင်ငံဖြစ်၍ အပူပိုင်းရာသီဥတု စိုးမိုးသော နိုင်ငံဖြစ်ပါသည်။ ပထဝီအနေအထားအရ တောင်တန်းများ၊ မြေပြန့်ဒေသများ၊ ကမ်းရိုးတန်းဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသ၊ မြစ်ချောင်းအင်းအိုင်၊ သစ်တောများနှင့်တွင်းထွက် သယံဇာတများ ရှိသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါသည်။

၁၅။ မြန်မာနိုင်ငံသည် ကမ္ဘာ့လူမှုအသိုက်အဝန်းတွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူ စာချုပ်နှင့် မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်တို့ကို လက်မှတ်ရေးထိုးထားပြီးဖြစ်ပါသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းအရလူ့အခွင့်အရေးဆိုင်ရာများကိုလည်း အလေးထားလိုက်နာရမည့်နိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်။

၁၆။ ၂၀၁၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ လူဦးရေစုစုပေါင်းမှာ၊ (၅၁.၄)သန်းရှိပြီး အမျိုးသား၊ အမျိုးသမီးအချိုးမှာ (၉၃း၁၀၀) အချိုးဖြစ်သည်။ လူငယ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အတွက် အကြုံးဝင်နိုင်သော အသက်အပိုင်းအခြားအလိုက် လူဦးရေအချိုးအစားမှာ အောက်ပါအတိုင်းဖြစ်သည် -

| | | |
|---|---|---|
| (က) | ၁၅နှစ်မှ ၁၉နှစ် | ၉.၂၀ % |
| (ခ) | ၂၀နှစ်မှ ၂၄နှစ် | ၈.၆၁ % |
| (ဂ) | ၂၅နှစ်မှ ၂၉နှစ် | ၈.၂၅ % |
| (ဃ) | ၃၀နှစ်မှ ၃၄နှစ် | ၇.၇၅ % |

အမျိုးသမီးဦးရေက အမျိုးသားဦးရေထက်များနေရသော အကြောင်းအရင်းများတွင် ဖြစ်နိုင်ခြေရှိသည်မှာ ရွှေ့ပြောင်းသွားလာခြင်းနှင့် အမျိုးသားများ၏ သေဆုံးမှုနှုန်း မြင့်မားခြင်းကြောင့် ဖြစ်နိုင်ပါသည်။ လူငယ်လူရွယ်များပါဝင်သော ၁၅နှစ်မှ ၆၄နှစ်ရှိ အလုပ်လုပ်နိုင်သော လူဦးရေအချိုးအစားမှာ ၆၅.၆% ရှိနေရာ လူဦးရေပညာရှင်များ၏ အဆိုအရ ထိုသို့များပြားနေခြင်းသည် “လူဦးရေဆိုင်ရာ ဆုလာဘ်” ဖြစ်ပြီး ဆယ်စုနှစ်နှစ်စုအတွင်း အကျိုးရှိစွာအသုံးချနိုင်လျှင် တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

၁၇။ တစ်နိုင်ငံလုံး အတိုင်းအတာအရ စာတတ်မြောက်မှုနှုန်းသည် ပျမ်းမျှ ၈၉.၅ % ရှိသော်လည်း ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စာတတ်မြောက်မှုနှုန်းများ နိမ့်ကျနေသေးကြောင်း သန်းခေါင်စာရင်းက ဖော်ပြပါသည်။ အသက် ၁၅ နှစ်

မတိုင်မီ အမျိုးသား၊ အမျိုးသမီး ကျောင်းနေမှုပမာဏမှာ မကွာခြားသော်လည်း အသက် ၁၅နှစ်အထက် ရောက်သောအခါ အမျိုးသမီးဦးရေနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီးများ ကျောင်းတက်နှုန်းသည် လျော့နည်းသွားသည်ကို တွေ့ရှိရပါသည်။ အသက်အရွယ်ကြီးလာသည်နှင့် အမျိုးသမီးများ၏ စာတတ်မြောက်မှုနှုန်း ကျဆင်းလာပါသည်။

၁၈။ အလုပ်လက်မဲ့နှုန်းမှာ တစ်နိုင်ငံလုံးအနေဖြင့်ကြည့်လျှင် အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်းရှိ လူဦးရေ၏ ၄ % ဖြစ်ပြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အလုပ်လက်မဲ့နှုန်း ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။

၁၉။ လူဦးရေစုစုပေါင်း၏ ၄.၆%မှာ မသန်စွမ်းမှုတစ်မျိုးကို အနည်းဆုံး ခံစားနေရပြီး အမျိုးသမီးများ၏ မသန်စွမ်းမှုရာခိုင်နှုန်းက အမျိုးသားများထက်ပိုကြောင်း -တွေ့ရှိရပါသည်။ မသန်စွမ်းမှုအမျိုးအစားတွင် ၂၀၁၄ ခုနှစ်၊ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက်(၁၅-၃၄)နှစ် အတွင်းရှိ မသန်စွမ်းလူငယ်များမှာ (အမြင်အာရုံချွတ်ယွင်းသူ-၅.၃၀%၊ ကိုယ်အင်္ဂါမသန်စွမ်းသူ -၈.၄၉%၊အကြားအာရုံ မသန်စွမ်းသူ -၈.၆၄%၊ ဉာဏ်ရည်မမှီ - ၁၂.၄၁%) အမြင် အာရုံချို့တဲ့သူ အားလုံး၏ ၁၃.၇၈ % မှာ အသက် ၁၅ နှစ်မှ ၃၄ နှစ်အတွင်းရှိသူများဖြစ်သည်။ ကိုယ်အင်္ဂါမသန်စွမ်းသူအားလုံး၏ ၉.၁၃ %မှာအသက် ၁၅ နှစ်မှ ၃၄ နှစ်အတွင်းဖြစ်ပါသည်။

၂၀။ တစ်နိုင်ငံလုံး၏ မွေးနှုန်းကြမ်းမှာ လူဦးရေတစ်ထောင်တွင် ၁၈.၉ ယောက်ဖြစ်ပြီး၊ ကျေးလက်ဒေသ၏မွေးနှုန်းကြမ်းမှာ မြို့ပြထက် ပိုမိုမြင့်မားပါသည်။ အသက်အရွယ်အလိုက် မွေးဖွားနိုင်မှုနှုန်းကို လေ့လာရာတွင် ၁၅ နှစ်နှင့် ၁၉ နှစ်အကြား ဆယ်ကျော်သက်မွေးဖွားမှုနှုန်းသည် မိန်းကလေး ၁၀၀၀ ဦးတွင် ၃၃ ဦး ဖြစ်ပြီး အရှေ့တောင်အာရှဒေသ

တွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်လူရွယ်များ၏ ၇၅ % ကျော်သည် အိမ်ထောင်မကျသေးသူများ ဖြစ်နေပါသည်။ မွေးဖွားပြီး ကလေးသေဆုံးမှုများတွင် မြို့ပြနှင့်ကျေးလက် နှိုင်းယှဉ်ပါက ကျေးလက်ဒေသများတွင် အဖြစ်များသည်ကို တွေ့ရှိရပါသည်။

၂၁။ ပြည်တွင်း ပြောင်းရွှေ့နေထိုင်သူဦးရေ စုစုပေါင်း၏ ၃၄ % မှာ အလုပ်အကိုင်ရှာဖွေရန်အတွက် ပြောင်းရွှေ့ခြင်းဖြစ်ပြီး၊ ၀.၇၈% မှာ နယ်မြေဒေသမတည်ငြိမ်မှုကြောင့် ပြောင်းရွှေ့နေထိုင်ရခြင်းဖြစ်ကြောင်း သန်းခေါင်စာရင်းက ဆိုပါသည်။

၂၂။ တိကျသော သုတေသနအထောက်အထားများ မရှိသေးသော်လည်း လူငယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေးအခြေအနေများ နိမ့်ကျနေမှုများကို နေရာဒေသအချို့တွင် ခံစားနေရကြောင်း လူငယ်ဆွေးနွေးပွဲများ၊ သဘောထား စစ်တမ်းကောက်ယူမှုများက သက်သေထူလျက်ရှိပါသည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီတည်ဆောက်ရေးကာလတွင် ရှိနေသော်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးတွင် တည်ငြိမ်မှု လုံလောက်စွာ မရှိသေးပါ။ နေရာဒေသအလိုက် သစ်တောပြုန်းတီးမှုများ၊ သယံဇာတအလွန်အကျွံ သုံးစွဲမှုများရှိနေပြီး အကျိုးဆက်အရ ရာသီဥတုပြောင်းလဲသည့် ဆင့်ပွားဆိုးကျိုးများ ကို ထိခိုက်ခံစားရသည့် အခြေအနေတွင်လည်း ရှိနေပါသည်။ တရားဥပဒေစိုးမိုးရေး အားနည်းနေသည့်အတွက် လူငယ်များအပါအဝင် ပြည်သူလူထု၏ဘဝလုံခြုံရေး အထူးသဖြင့် အမျိုးသမီးငယ်များ၏လုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေး ကဏ္ဍတွင် လိုအပ်ချက်များ ရှိနေပါသည်။ ထို့မျှမက ပညာရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ နိမ့်ကျနေခြင်း၏ အကျိုးဆက်အဖြစ် ပြောင်းရွှေ့သွားလာခြင်း၊

ပြည်ပနိုင်ငံများသို့ ထွက်ခွာခြင်းအပြင် လူကုန်ကူးခံရသည့် ပြဿနာများလည်း ဆင့်ပွား ဖြစ်ပေါ်လျက်ရှိပါသည်။

၂၃။ လူငယ်များ၏ အရေးအရာကိစ္စရပ်များတွင် လူငယ်များကိုယ်တိုင် ပါဝင် နိုင်မှု အခြေအနေ နည်းပါးသည်နှင့်အမျှ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပီပြင်စွာ အကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များစွာ ရှိနေပါသည်။ လူငယ်များ၏ အခြေခံ အရည်အသွေးများ တိုးတက်ရေး၊ ကိုယ်တိုင်ကိုယ်ကျပါဝင်မှု ရရှိရေး၊ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဥ်များတွင် လူငယ်များ၏အသံနှင့် သဘောထားများ ထင်ဟပ်နိုင်ရေးတို့သည် အရေးတကြီး လိုအပ်နေကြောင်း တွေ့ရှိရပါသည်။

## လူငယ်မူဝါဒ၏အခြေခံမူများ

၂၄။ လူငယ်မူဝါဒ၏အခြေခံမူများမှာအောက်ပါအတိုင်းဖြစ်သည် -

(က) လူငယ်မူဝါဒသည် အမျိုးသားအဆင့် မျှော်မှန်းချက်များ၊ အခြားမူဝါဒ များ၊ မဟာဗျူဟာများ၊ လူမှုရေးရာနှင့် ယဥ်ကျေးမှုဝန်းကျင်နှင့် လိုက် လျောညီထွေမှုရှိရမည်။

(ခ) လူငယ်တို့၏ရုပ်ပိုင်း၊ စိတ်ပိုင်း၊ နိုင်ငံရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွား ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရမည်။

(ဂ) လူ့အခွင့်အရေးဆိုင်ရာ အခြေခံစံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

(ဃ) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအပါအဝင် ကဏ္ဍပေါင်းစုံကို အတူတကွ ပူးပေါင်းဆောင်ရွက်စေပြီး ရေရှည်ဖွံ့ဖြိုးမှု ဖြစ်စဥ်တိုင်းတွင် အရည်

အချင်းပြည့်မီသော လူငယ်များပါဝင်နိုင်မည့် အနေအထားတစ်ခုကို ဖော်ဆောင်ပေးနိုင်ရမည်။

(နိုင်ငံတော်တည်ဆောက်ရေးဖြစ်စဉ်များတွင် လူငယ်များ ပူးပေါင်းပါဝင်နိုင်မည့် အခင်းအကျင်းကို ဖော်ဆောင်ပေးနိုင်ရမည်)

( င) လူငယ်မူဝါဒကို အကောင်အထည်ဖော်ဆောင်ရာတွင် ကျား၊ မ လိင်စိတ်ကိုင်းညွတ်မှုနှင့် လိင်ဝိသေသခံယူမှုအရလည်းကောင်း၊ ရိုးရာယဉ်ကျေးမှုအရလည်းကောင်း၊ ယုံကြည်ကိုးကွယ်မှု ဘာသာတရားအရလည်းကောင်း၊ လူမျိုးအရလည်းကောင်း၊ ဘာသာစကားအရလည်းကောင်း၊ မသန်စွမ်းမှုအရသော်လည်းကောင်း၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာအခြေအနေအရလည်းကောင်းစသည့် ခွဲခြားဆက်ဆံမှုများ လုံးဝကင်းရှင်းရမည်။

( စ) လူငယ်များ၏နေရပ်၊ ကြီးပြင်းသောပတ်ဝန်းကျင်၊ မိသားစု၏ လူမှုစီးပွားရေး အခြေအနေနှင့် ကိုယ်ပိုင်လူမှုဘဝပုံစံများ မတူကွဲပြားခြင်းကို အသိအမှတ်ပြုသည်။

(လူငယ်များ၏ နေထိုင်ရာဌာနေ၊ ကြီးပြင်းသောပတ်ဝန်းကျင်၊ မိသားစု၏ လူမှုစီးပွားရေးအခြေအနေနှင့် ကိုယ်ပိုင်လူမှုဘဝပုံစံများစသည့် မတူကွဲပြားမှုများကို လေးစားတန်ဘိုးထား အသိအမှတ်ပြုရမည်)

(ဆ) ဒေသတွင်းနှင့် နိုင်ငံတကာသဘောတူညီမှုများကို အလေးထားသည်။

( ဇ) လူငယ်ရေးရာမူဝါဒကို လက်တွေ့အကောင်အထည်ဖော်ဆောင်သည့်အခါ တာဝန်ယူမှု၊ တာဝန်ခံမှုကို ရှိရမည်။

( ဈ) တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်နှင့် လူမျိုးစုအလိုက်အထိ မတူကွဲပြားသော လူငယ်များ သာတူညီမျှ ဖွံ့ဖြိုးတိုးတက်နိုင်မှုအတွက် အခြေခံကောင်းများရှိသည်။
(တိုင်းဒေသကြီး/ပြည်နယ်နှင့် လူမျိုးစုဒေသရှိ မတူကွဲပြားသော လူငယ်များအတွက်သာတူညီမျှသော ဖွံ့ဖြိုးတိုးတက်နိုင်ရေးကိုအခြေခံရမည်)။

## အဓိပ္ပါယ်ဖွင့်ဆိုချက်များ

## လူငယ်

၂၅။ လူငယ်ဆိုသည်မှာ အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ မြန်မာနိုင်ငံသားများကို ဆိုလိုသည်။

## အထူးအလေးပေးရမည့်လူငယ်များ

၂၆။ အောက်ဖော်ပြပါတို့သည် အထူးအလေးပေးစဥ်းစားရမည့်လူငယ်အမျိုးအစားများဖြစ်ပါသည်-

(က) မသန်စွမ်းလူငယ်များ (အမြင်၊ အပြော၊ အကြား၊ ဉာဏ်ရည်၊ ကိုယ်ခန္ဓာ)၊

( ခ) ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သော လူငယ်များ (မိဘမဲ့နှင့် အုပ်ထိန်းသူမဲ့၊ လမ်းပေါ်ရောက်လေလွင့်လူငယ်များ)၊

( ဂ) ရွှေ့ပြောင်းလုပ်သားလူငယ်များ(ပြည်တွင်း၊ ပြည်ပ)၊

(ဃ) သဘာဝဘေးအန္တရာယ်၊ လူတို့ပြုလုပ်သော အန္တရာယ်ခံစားနေရသူ လူငယ်များ၊ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသူများ (စစ်ဘေးသင့်ဒေသမှ လူငယ်များ)၊

( င) မတူကွဲပြားစွာ လိင်စိတ်ကိုင်းညွတ်မှုနှင့် လိင်ဝိသေသခံယူမှုရှိသည့် လူငယ်များ (LGBT- အမျိုးသားချင်း၊ အမျိုးသမီးချင်း ချစ်သူများ၊ အမျိုးသား/သမီး နှစ်မျိုးလုံးချစ်သူများ၊ ဆန့်ကျင်ဘက်လိင်သို့ ပြောင်းလဲခံယူနေထိုင်သူများ၊မွေးရာပါလိင်အင်္ဂါနှစ်မျိုးစလုံးပါသူများ)

( စ) တိုင်းရင်းသားမျိုးနွယ်စုများနှင့် ဝေးလံဒေသမှ လူငယ်များ၊

(ဆ) လူကုန်ကူးခံရခြင်းမှ ပြန်လည်လွတ်မြောက်လာသူများ၊ ကလေးစစ်သားအဖြစ်မှ ပြန်လည်လွတ်မြောက်လာသူများ၊

( ဇ) မူးယစ်ဆေးဝါးစွဲနေသူ လူငယ်များနှင့် ဆေးဖြတ်ပြီးသူလူငယ်များ၊

( ဈ) ခုခံအားကျဆင်းမှုရောဂါ ကူးစက်ခံလူငယ်များ၊

(ည) လိင်လုပ်သားလူငယ်များ၊

( ဋ) သက်ငယ်မုဒိန်းမှုကျူးလွန်ခံရသူများ။

## အစိုးရအဖွဲ့

၂၇။ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ အားလုံးပါဝင်သည်။

## ဝန်ကြီးဌာန

၂၈။ လူငယ်ရေးရာမူဝါဒတွင် ဖော်ပြပါရှိသော အခန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အဓိကဦးဆောင်သော ဝန်ကြီးဌာနများနှင့် ဆက်စပ်ဝန်ကြီးဌာနများအားလုံး အကျုံးဝင်သည်။

## အဓိကဦးဆောင်သောဝန်ကြီးဌာနများ

၂၉။ အောက်ပါဝန်ကြီးဌာနများက အဓိကဦးဆောင်ပါသည်-

(က) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊

(ခ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊

(ဂ) ပညာရေးဝန်ကြီးဌာန။

## လူငယ်စင်တာ

၃၀။ အနုပညာ၊ အားကစားလှုပ်ရှားမှုများ အပါအဝင် လူငယ်ရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ပြီး အချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံသင်ယူနိုင်မည့် နေရာကို ဆိုလိုသည်။

## အဖွဲ့အစည်းများ

၃၁။ အဖွဲ့အစည်းများဆိုသည်မှာ လူငယ်မူဝါဒတွင် အကျုံးဝင်သော အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပါဝင်ဆောင်ရွက်လျက်ရှိ

သည့်လူငယ်အဖွဲ့အစည်းများ၊ လူငယ်ကွန်ရက်များနှင့်သမဂ္ဂများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအသင်းအဖွဲ့များနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများ အားလုံး အကျုံးဝင်သည်။

## လူငယ်ရေးရာကော်မတီ

၃၂။ လူငယ်ရေးရာကော်မတီဆိုသည်မှာ လူငယ်ရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ ပညာရှင်များ၊ (အသိပညာ၊ အတတ်ပညာ)နှင့် လူငယ်များအကြား ပေါင်းစပ်ဖွဲ့စည်းထားသော ကော်မတီအဆင့်ဆင့်ကိုဆိုလိုသည်။

## လူငယ်မူဝါဒအဓိကကဏ္ဍများ

၃၃။ လူငယ်မူဝါဒတွင် ပါဝင်သော အဓိကကဏ္ဍများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ပညာရေး။** အောက်ပါသတ်မှတ်ချက်များပါဝင်ပါသည် -

( ၁) "အခြေခံပညာရေး"ကို လူငယ်တိုင်း လက်လှမ်းမီ အခမဲ့သင်ယူနိုင်ရန်၊

( ၂) လက်တွေ့ လုပ်ငန်းခွင်နှင့် အံဝင်ဂွင်ကျ ဖြစ်စေမည့် "နည်းပညာနှင့် သက်မွေးပညာရေး"တပြေးညီ လက်လှမ်းမီ သင်ယူနိုင်ရန်၊

( ၃) ကျောင်းသင်ခန်းစာများတွင် တိုင်းရင်းသား လူမျိုးအသီးသီး၏ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်း၊ သမိုင်းကြောင်းအမှန်နှင့် အမျိုးသား ကြန်အင်လက္ခဏာ အမွေအနှစ်များကို အချင်းချင်း အပြန်အလှန် လေးစားမြတ်နိုးတတ်ရန်၊ ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်သိက္ခာ တန်ဖိုးများကို ထိန်းသိမ်းတတ်ရန် ရည်ရွယ်သည့် သင်ခန်းစာ များ ထည့်သွင်းသင်ကြားရန်၊

( ၄) သင်ကြားသင်ယူမှု လုပ်ငန်းစဉ်တွင် ပျော်ရွှင်၍ စိတ်ဖိစီးမှုကင်း သောခွဲခြား ဆက်ဆံမှုကင်းပြီး လုံခြုံမှုရှိသော ပညာရေးသင်ယူ မှုဝန်းကျင်ဖန်တီးပေးရန်၊

( ၅) ပညာသင်ကြားရေးတွင် အသက်မွေးမှုပညာပေါင်းစပ် သင်ကြား ပေးသော နည်းပညာသင်တန်းကျောင်းများ၏ အရေအတွက်နှင့် အရည်အသွေး တိုးတက်အောင် ဆောင်ရွက်ရန်၊

( ၆) ပညာရေးစနစ်တွင် လက်တွေ့လုပ်ငန်းခွင်နှင့် ဆက်စပ်သော အခွင့်အလမ်းများ ထည့်သွင်းပေးရန်၊

( ၇) အခြေခံပညာကျောင်း သင်ရိုးညွှန်းတမ်းများတွင် အခြေခံ ကျန်းမာရေး၊ မျိုးဆက်ပွားကျန်းမာရေး၊ ကျား၊မရေးရာနှင့် လိင် စိတ်ကွဲပြားမှု၊ မသန်စွမ်းမှု သဘောတရား၊ အခြားကျန်းမာရေး ကိစ္စရပ်များပါဝင်သည့်ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ် နှင့် ပြည်သူ့နီတိဘာသာရပ်ကို ထိရောက်စွာ သင်ကြားရန်၊

( ၈) ပညာရေးအဆင့် အားလုံးတွင်လည်း ကျောင်းထွက်မှုနှုန်းကို လျှော့ချနိုင်မည့် နည်းလမ်းများ ဖော်ဆောင်ရန်၊

( ၉) အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်သင်တန်းကျောင်းများကိုဖွင့်လှစ်ပြီးလူငယ်များနှင့်အထူးအလေးပေးရမည့်လူငယ်များ လက်လှမ်းမီ တက်ကြွစွာ သင်ယူနိုင်ရန်၊

(၁၀) ပညာရေးတွင် သင်ယူရန် အခက်အခဲရှိသူများအတွက် ကျောင်းပြင်ပပညာရေးအစီအစဥ်များ၊ အချိန်ပိုင်းပညာ သင်ကြားခွင့် အစီအစဥ်များ၊ အွန်လိုင်းပညာရေး၊ ညကျောင်း အစီအစဥ်များ၊ ဒေသအသီးသီးရှိ တက္ကသိုလ်များတွင် ရုံးချိန်ပြင်ပ ဒီပလိုမာ သင်တန်းများ ပညာသင်ထောက်ပံ့ကြေး အစီအစဥ်များနှင့် ကျောင်းသားချေးငွေစနစ်များ ဆောင်ရွက်ရန်၊

(၁၁) တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပညာရေးကျောင်းများကို သက်ဆိုင်ရာ တိုင်းရင်းသားများ နေထိုင်သော ဒေသများတွင် လွတ်လပ်စွာဖွင့်လှစ် တည်ထောင်နိုင်ခွင့်ရှိရန်၊

(၁၂) မိဘ၊ ဆရာ၊ ကျောင်းသား၊ ရပ်ရွာ ပူးပေါင်းဆောင်ရွက်မှုကို အားပေးရန်၊

(၁၃) ကျောင်းသား/ဆရာသမဂ္ဂများ၊ အဖွဲ့အစည်းများ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ရရှိရန်၊

(၁၄) ကျောင်းသားလူငယ်များအတွင်း အားကစားကို ထိရောက်စွာ လှုပ်ရှားကစားနိုင်စေရေးအတွက်လိုအပ်သောအားကစားကွင်း/

အားကစားရုံများ တည်ဆောက်ပြုပြင်ပေးခြင်း၊ အားကစားနည်းစနစ်များ သင်ကြားလေ့ကျင့်ပေးခြင်းတို့ ဆောင်ရွက်ရန်၊

(၁၅) အဆင့်မြင့်ပညာကဏ္ဍတွင် နိုင်ငံရေးဆိုင်ရာ ဘာသာရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာဘာသာရပ်များ၊ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာပညာရပ်များ ထည့်သွင်းသင်ကြားပေးရန်။

( ခ) **ကျန်းမာရေး**။ အောက်ပါသတ်မှတ်ချက်များပါဝင်ပါသည်-

( ၁) အသက်အရွယ်နှင့် ညီမျှသော ကျန်းမာရေး၊ မျိုးဆက်ပွားနှင့် လိင်မှုဆိုင်ရာ ကျန်းမာရေး ဗဟုသုတများ လက်လှမ်းမီရရှိရေးအတွက် ကျောင်းတွင်းနှင့် ကျောင်းပြင်ပ ပညာပေးအစီအစဉ်များကို နေရာဒေသအသီးသီးနှင့် လိုအပ်ချက်အလိုက် ပြုလုပ်ဆောင်ရွက်ရန်၊

( ၂) လူငယ်များ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးအတွက် လူငယ်များက ယုံကြည်ကိုးစားသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခု လက်လှမ်းမီ (အဖိုးနှုန်း သက်သာ (သို့မဟုတ်)အခမဲ့) ရရှိစေရန်၊

( ၃) ကျန်းမာရေး အဆင့်အတန်းမြင့်မားစေမည့် အစီအမံများ၊ အာဟာရအစီအစဉ်များနှင့် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအစီအစဉ်များ လက်လှမ်းမီရရှိရေးဆောင်ရွက်ရန်၊

( ၄) ဆေးရုံကြီးများနှင့် ဆေးပေးခန်းများတွင် ဆယ်ကျော်သက်များအား ကျန်းမာရေးစောင့်ရှောက်မှု စနစ်တကျပေးနိုင်မည့်ဌာနများ (သို့မဟုတ်) နေရာများ စီစဉ်ထားရှိရန်၊

( ၅) အခြေခံမျိုးဆက်ပွား ကျန်းမာရေး ဗဟုသုတများနှင့် ဝန်ဆောင်မှုများကို အခြေခံ၍ လူငယ်များအနေဖြင့် တာဝန်သိသော မိဘများအဖြစ် ခံယူနိုင်စေရန်၊

( ၆) အမျိုးသမီးငယ်များအတွက် ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်၊ မီးတွင်းကာလနှင့် ကိုယ်ဝန်ပျက်ကျခြင်းများတွင် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများ လက်လှမ်းမီ အချိန်မီရရှိစေရန်၊ သားဆက်ခြားဆေး အပါအဝင် အရည်အသွေးမြင့် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုများလက်လမ်းမီ အချိန်မီရရှိစေရန်၊

( ၇) လူငယ်များအကြား ကျန်းမာရေး အသိပညာပြန့်ပွားရေးနှင့် ကျန်းမာရေးနှင့် ဆက်နွယ်သော ကိစ္စရပ်များဆိုင်ရာ လူထုစစ်တမ်းများ၊သုတေသနများပြုလုပ်ရာတွင်လူငယ်များကိုယ်တိုင် ပါဝင်နိုင်စေရန်၊

( ၈) အကြမ်းဖက်မှု၊ လူကုန်ကူးမှုနှင့် လိင်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းခံခဲ့ရသောလူငယ် လူရွယ်များ၊ ပဋိပက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသော လူငယ်လူရွယ်များအတွက် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ အရည် အသွေးပြည့်ဝသည့် ကျန်းမာရေးဝန်ဆောင်မှုနှင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုတို့ ရရှိရေးဆောင်ရွက်ပေးရန်။ (တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆေးရုံများတွင် One Stop Service များအဖြစ် အခြားသက်ဆိုင်ရာ တာဝန်ရှိသူများ (မှုခင်းဆရာဝန်၊ ရှေ့နေ၊ ဥပဒေ ပညာရှင်၊ လူမှုဝန်ထမ်း) စသည်တို့နှင့် ချိတ်ဆက်ဆောင်ရွက်ရန်။

(ဂ) **မူးယစ်ဆေးနှင့်အခြားသောဘေးဖြစ်စေတတ်သည့်အန္တရာယ်များ။**

အောက်ပါ သတ်မှတ်ချက်များပါဝင်ပါသည်-

( ၁) လူငယ်များ၏ကျန်းမာရေး၊ ဖွံ့ဖြိုးရေးကို ထိခိုက်ခြိမ်းခြောက်စေလျက်ရှိသော အရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်မှ ထိရောက်စွာ ကာကွယ်ပေးရန်၊

( ၂) လူငယ်များ မိမိကိုယ်မိမိ ယုံကြည်မှုတိုးတက်စေပြီး စဉ်းစားဆင်ခြင်နိုင်စွမ်းမြှင့်တင်ပေးသည့် ဘဝတွက်တာကျွမ်းကျင်စရာသင်တန်းများ ကျင်းပပြုလုပ်ပေးခြင်း၊ မူးယစ်ဆေး၏ဘေးအန္တရာယ်များနှင့် အကျိုးဆက်များကို ပိုမိုသိရှိလာစေရန်၊ သက်ရွယ်ဆင့်တူ ပညာပေးအစီအစဉ်များကို ဆောင်ရွက်ခြင်း၊ တရားမဝင်မူးယစ်ဆေး၊ စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ၊ အရက်နှင့်ဘီယာ စွဲလမ်းခြင်းအန္တရာယ်မှ ကင်းဝေးစေရန်၊ ပညာပေးခြင်းတို့ကို ဆောင်ရွက်ခြင်းအားဖြင့် မူးယစ်ဆေးနှင့်အတူ နောက်ဆက်တွဲအန္တရာယ်များကို ကိုယ်တိုင်ကိုယ်ကျ သိရှိနားလည်ပြီး ရှောင်ရှားနိုင်စေရန်၊

( ၃) တရားမဝင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းနှင့် လက်ဝယ်ထားရှိခြင်းတို့မှ တားဆီးရာတွင် တရားဥပဒေစိုးမိုးရေး အလေးပေးဆောင်ရွက်ရန်၊

( ၄) ဒေသနှင့်ကိုက်ညီသော ဘိန်းအစားထိုးသီးနှံများ ထိရောက်လုံလောက်စွာ စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးရန်၊ အာမခံချက်ရှိသော ဈေးကွက်ရှာဖွေပေးရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးရန်၊

( ၅) မူးယစ်ဆေးစွဲခဲ့သူများအား ကုသပေးရန်၊ ပြန်လည်ထူထောင်ပေးရန်နှင့် လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ပေါင်းစည်းဝင်ရောက်နိုင်ရန်အတွက် ပြန်လည်ထူထောင်ရေးဌာနများကို တိုးချဲ့ဖွင့်လှစ်ရန်၊

( ၆) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအတိုင်း အကောင်အထည်ဖော်ရန်။

(ဃ) **အားကစားနှင့်အပန်းဖြေခြင်း။** အောက်ပါသတ်မှတ်ချက်များ ပါဝင်ပါသည်-

( ၁) လူငယ်များ အားကစားကိုစိတ်ဝင်စားပြီး နေ့စဉ်လှုပ်ရှားကစားလာစေရေးအတွက် ပညာပေးဟောပြောခြင်း၊ အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ဈေးနှုန်းသက်သာစွာဝယ်ယူ အသုံးပြုနိုင်အောင် စီစဉ်ပေးရန်၊

( ၂) အားကစားကဏ္ဍတွင် ရန်ပုံငွေပိုမိုတိုးမြှင့်ပြီး မသန်စွမ်းအားကစားသမားများ အပါအဝင် လူငယ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် မြို့နယ်တိုင်းတွင် အားကစားကွင်း၊ အားကစားရုံများ ပြုပြင်မွမ်းမံခြင်း၊ ဖြည့်ဆည်းတည်ဆောက်ပေးခြင်းများ ဆောင်ရွက်ပေးရန်၊

( ၃) မြန်မာ့ရိုးရာ အားကစားနည်းများနှင့် ဒေသအလိုက်ရှိသော အားကစားနည်းများကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် နိုင်ငံတကာ အားကစားနည်းများကိုလည်းလေ့လာလိုက်စား၍ကျွမ်းကျင်မှုရှိစေရေး အထူးအလေးထား ဆောင်ရွက်ရန်၊

( ၄) အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ၊တက္ကသိုလ်/ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာန ပေါင်းစုံအားကစားပြိုင်ပွဲများ၊ အမျိုးသားအားကစားပွဲတော်များ ပုံမှန်ကျင်းပပေးခြင်းဖြင့် လူငယ်များအားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး လူငယ်မျိုးဆက်သစ် အားကစားသမားများအဖြစ် မွေးထုတ်ပေးရန်၊

( ၅) လူငယ်များ ခရီးသွားခြင်းနှင့် ဒေသန္တရ ဗဟုသုတကြွယ်ဝခြင်းကို အားပေးမြှင့်တင်ရန်အတွက် လိုအပ်သောအစီအစဉ်များကို လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်နှင့် လူငယ်တည်းခိုရိပ်သာများကို ခရီးသွားဒေသများအတွင်း တတ်နိုင်သမျှ တည်ဆောက်ပေးရန်၊

( ၆) ခေါင်းဆောင်မှု၊ သတ္တိ၊ စည်းကမ်း၊ သဘာဝနှင့် ပတ်ဝန်းကျင်ကို မြတ်နိုးစေရန်အတွက် လူငယ်များအကြား စွန့်စားလုပ်ဆောင်မှုများကို အားပေးခြင်းဖြင့် ကိုယ်ပိုင်အချိန်များကို အကျိုးရှိစွာ အသုံးချနိုင်မည့် အစီအမံများ မြှင့်တင် ဆောက်ရွက်ပေးရန်၊

( ၇) လူထုအပန်းဖြေရာပန်းခြံများ၊ပြည်သူ့ဥယျာဉ်များ၊Campusများ၊ အားကစားကွင်းများတွင် အားကစားအထောက်အကူပြုပစ္စည်းများ( Sport Fitness Equipment) တပ်ဆင်ပေးခြင်းများ ဆောင်ရွက်ရန်၊

( ၈) လူငယ်များ၏ကိုယ်ပိုင်အချိန်ကို အသုံးချခြင်းနှင့်အပန်းဖြေခြင်း၊ အလေ့အထများတွင် အားကစားနှင့်အတူ အခြားသော မှန်ကန်သည့်နေထိုင်မှုပုံစံများ ဖြစ်ထွန်းလာစေရေး အားပေးရန်။

( င) **အလုပ်အကိုင်အခွင့်အလမ်း။** အောက်ပါသတ်မှတ်ချက်များ ပါဝင်ပါသည်-

( ၁) လူငယ်များ၏ အသက်အရွယ်၊ အရည်အချင်းနှင့်ကိုက်ညီသော အလုပ်အကိုင်များရရှိရေး အခွင့်အလမ်းများ ဖန်တီးပေးရန်၊

( ၂) အလုပ်သမားဈေးကွက်၏ နေ့စဉ်လိုအပ်ချက်များအပေါ်သက်ရောက်မှုရှိသည့်လုပ်ငန်းနှင့် ဘဝတစ်သက်တာကျွမ်းကျင်မှုများကို လေ့ကျင့်ပေးရန်၊

( ၃) လူငယ်များအတွက် လိုအပ်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းအစီအစဉ်များကို ကျေးလက်ဒေသအထိ ရောက်ရှိစေနိုင်မည့် အစီအမံများ ဖော်ဆောင်ပေးရန်၊

( ၄) အလုပ်အကိုင်အခွင့်အလမ်းများနှင့် လိုအပ်သော ကျွမ်းကျင်မှုဆိုင်ရာ သတင်းအချက်အလက်များကို လူငယ်များ လက်လှမ်းမီရရှိစေရန်၊

( ၅) ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်း အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးရန်၊

( ၆) လူငယ်များ အလုပ်လက်မဲ့ဖြစ်ရသော အကြောင်းအရင်းများကို သုတေသနပြုရှာဖွေ ဖော်ထုတ်လေ့လာရန်၊

( ၇) အထူးအလေးပေးရမည့် လူငယ်များအား အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးရန်၊ လုပ်ငန်းခွင်အတွင်း ခွဲခြား ဆက်ဆံခံ ရမှုပပျောက်စေရန်၊သာတူညီမျှရရှိရန်နှင့်လုံခြုံမှုရှိသောလုပ်ငန်း ခွင်များဖန်တီးပေးရန်။

( ၈) ခေါင်းပုံဖြတ်ခြင်းကင်း၍ လူမှုရေးအထောက်အပံ့များ တန်းတူ ပြည့်ဝစွာရရှိစေမည့်၊ လုံခြုံစိတ်ချရသော လုပ်ငန်းခွင်ဖြစ်တည် ရေးစီမံဆောင်ရွက်ပေးရန်၊

( ၉) လူငယ်များအတွက် အချိန်ပိုင်း၊ ကာလတို အလုပ်အကိုင်အခွင့် အလမ်းများရရှိရေး ဆောင်ရွက်ပေးရန်၊

(၁၀) ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး ဒေသခံတိုင်းရင်းသားများကို ဦးစားပေးဆောင်ရွက်ပေးရန်၊

(၁၁) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် လူငယ်များဦးစားပေး အလုပ်အကိုင်ရရှိရေး အာမခံချက်ရှိစေရန်။

( စ) **စီးပွားရေး။** အောက်ပါသတ်မှတ်ချက်များ ပါဝင်ပါသည်-

( ၁) နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် လူငယ်များ၏အခန်း ကဏ္ဍ ပီပြင်လာစေရန်၊

( ၂) ရိုးရာလက်မှုပညာရှင် လူငယ်များအတွက် အသက်မွေးမှုလုပ်ငန်း အရည်အသွေးများကို မြှင့်တင်ပေးမည့် အစီအစဉ်များနှင့် ကျေးလက်စီးပွားရေး လုပ်ငန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊

( ၃) အခြေခံပညာကျောင်းများနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်းများ တတ်မြောက်ပြီးသူ လူငယ်လူရွယ်တို့နှင့် အလုပ်သမားဈေးကွက်သို့ ချိတ်ဆက်မိတ်ဖက်ပြုခြင်းကိုစီမံဆောင်ရွက်ခြင်းဖြင့် ဈေးကွက်လိုအပ်ချက်နှင့် အလုပ်သမားရရှိမှု ဟန်ချက်ညီစေရေး စီမံဆောင်ရွက်ရန်၊

( ၄) အသေးစား၊ အလတ်စားနှင့် အကြီးစားစီးပွားရေးလုပ်ငန်းများ စတင်နိုင်မည့်အခြေခံကျွမ်းကျင်မှုရရှိရန်အတွက် လူငယ်လူရွယ်များအား လေ့ကျင့်သင်တန်းပေးရန်၊

( ၅) စွန့်ဦးတီထွင်နိုင်ပြီး အလားအလာရှိသည့်လူငယ်များကို စနစ်တကျပြုစု ပျိုးထောင်ပေးရန်၊

( ၆) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကိုအစပြုရာနှင့် စီမံအုပ်ချုပ်ရာတွင် အကြံဉာဏ်နှင့်အတွေးအခေါ်များ၊ စွမ်းဆောင်ရည်များ တိုးတက်စေရန် လိုအပ်သော နည်းပညာအကူအညီ၊ ငွေကြေးထောက်ပံ့မှုများနှင့် လုပ်ငန်းလည်ပတ်ရန် လိုအပ်သောအကူအညီများ ချိတ်ဆက်ပံ့ပိုးပေးရန်၊

( ၇) လူငယ်စီးပွားရေး လုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းများအား ဖော်ဆောင်ပေးရန်နှင့် မြှင့်တင်ပေးရန်၊

( ၈) အထူးအလေးပေးရမည့်လူငယ်များမှထုတ်လုပ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများအတွက် ဈေးကွက်ဖော်ဆောင်ပေးရန်၊

( ၉) လူငယ်များအတွက် လိုအပ်သော စီးပွားရေးလုပ်ငန်းများ စတင်နိုင်ရန်အတွက် အတိုးမဲ့/အတိုးနှုန်းသက်သာသော ချေးငွေများကို နှစ်ရှည်ထုတ်ပေးနိုင်မည့် အစီအစဉ်များ ဖော်ဆောင်ရန်။

(ဆ) **နိုင်ငံရေး။** အောက်ပါသတ်မှတ်ချက်များ ပါဝင်ပါသည်-

( ၁) လူငယ်လူရွယ်များ၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုပြီး လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးရာနှင့်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် အဓိပ္ပါယ်ရှိစွာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိရန်၊

( ၂) နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်ဓါတ်ထက်သန်ရန် အမျိုးသားစည်းလုံးညီညွတ်မှုနှင့်ပေါင်းစည်းမှုတို့ကိုတန်းဖိုးထားတတ်ပြီးဒီမိုကရေစီ၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်နှင့် လိုအပ်သော ပံ့ပိုးကူညီမှုများကို မူဝါဒချမှတ်သူများ၊ ဝန်ဆောင်မှုပေးသူများနှင့် နယ်ပယ်အသီးသီးမှ သက်ဆိုင်ရာတာဝန်ရှိ သူများထံမှရရှိရန်၊

( ၃) အရပ်ဖက်လူမှုအဖွဲ့အစည်းတွင်လူငယ်လူရွယ်များထိရောက်စွာ ပါဝင်ဆောင်ရွက်ရန်၊

( ၄) ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊လုပ်ငန်းစဉ်များအတွင်း လူငယ်များ ပေါင်းစပ်ပါဝင်နိုင်ရေး ဆောင်ရွက်ပေးရန်၊

(၅) လူငယ်လူရွယ်များ သိရှိသင့်သော နိုင်ငံရေးရာကိစ္စရပ်များ၊ သတင်းအချက်အလက်များကို သိရှိနိုင်ရေး အစီအမံများ ဆောင်ရွက်ပေးရန်၊

( ၆) လူငယ်ရေးရာကိစ္စရပ်များ၊ လူငယ်လူရွယ်များ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သော မူဝါဒများနှင့် မဟာဗျူဟာစီမံကိန်း၊ စီမံချက်များရေးဆွဲရာတွင် လူငယ်လူရွယ်တို့ ပါဝင်ဆောင်ရွက်မှုကို အစီအမံများရေးဆွဲသည်မှစ၍ အကောင်အထည်ဖော်ခြင်း၊ ဆန်းစစ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်အထိ အသိအမှတ်ပြု ဆောင်ရွက်ခွင့်ပေးရန်၊

( ၇) လူငယ်များ၏ ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်နိုင်ရန် အတွက် လူငယ်စင်တာများ ဖွင့်လှစ်ပေးရန်၊

( ၈) ပြည်ထောင်စုအဆင့် ပါဝင်ဆောင်ရွက်နိုင်သော လွတ်လပ်သော လူငယ်အဖွဲ့အစည်းတစ်ခု ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ပေးရန်။

( ၉) **စာပေ၊အနုပညာနှင့်ယဉ်ကျေးမှု။** အောက်ပါသတ်မှတ်ချက်များ ပါဝင်ပါသည်-

( ၁) မိမိတို့၏သက်ဆိုင်ရာ တိုင်းရင်းသားစာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကို လူငယ်များအနေဖြင့် မြတ်နိုးထိန်းသိမ်းနိုင် စေမည့် အစီအမံများ ဆောင်ရွက်ပေးရန်၊

(၂) ခေတ်စနစ်နှင့် မသွေဖီသော ဓလေ့ထုံးတမ်းစဉ်လာများနှင့် ယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းပြန့်ပွား စည်ပင်အောင် ပညာပေးဆောင်ရွက်ပေးရန်၊

(၃) နိုင်ငံသမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာအခြေခံ သဘောတရားများနှင့် လက်မှုပညာရပ်များကို လူငယ်များ သင်ယူတတ်မြောက်နိုင်ရေး မြှင့်တင်အားပေးရန်၊

(၄) ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရေးတွင် လူငယ်များကိုယ်တိုင် ပါဝင်လာစေရန်၊

(၅) လူငယ်များ စာပေ၊ ဂီတ၊ အနုသုခုမ၊ ယဉ်ကျေးမှုများကို မြတ်နိုး တန်ဖိုးထားမှု မြင့်မားလာစေရေးအတွက် ပြည်တွင်း၊ ပြည်ပ အနုပညာယဉ်ကျေးမှုစသည့် နှီးနှောဖလှယ်ပွဲများ၊ အစီအစဉ် များကို မြှင့်တင်ချိတ်ဆက် ဆောင်ရွက်ရန်၊

(၆) လူငယ်များစာပေနှင့်အနုပညာယဉ်ကျေးမှုအပေါ် စိတ်ဝင်စားမှု မြှင့်တင်နိုင်ရေး အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးရန်၊

(၇) ကိုယ်ပိုင်အမြင်အယူအဆများကို ထုတ်ဖော်၍ လက်တွေ့အသုံးချ နိုင်သောနေရာများကို ထူထောင်ပေးပြီး စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုအပေါ် မြတ်နိုးလာစေရန်နှင့် လူငယ်များ၏ ဖန်တီး နိုင်မည့်စွမ်းရည်များ ထွက်ပေါ်လာအောင် လုပ်ဆောင်ရန်၊

( ၈) တိုင်းရင်းသားတို့၏အရေးကြီးသောအခန်းကဏ္ဍများ(ဆို၊က၊ရေး၊ တီး) ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုသမိုင်းကြောင်းများကို မြှင့်တင် ပေးသော အစီအစဉ်များပြုလုပ်ပေးရန်၊

( ၉) အနုပညာ၊ ယဉ်ကျေးမှု၊ အဖွဲ့အစည်းများနှင့် ဆောင်ရွက်ချက် များတွင် ပါဝင်ကူညီနိုင်ရန်နှင့် လူငယ်စာရေးဆရာနှင့် အနုပညာရှင် များအား မြေတောင်မြှောက်ပေးရန်၊

(၁၀) စာတတ်မြောက်ရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် လူငယ်များအကြား စာဖတ်သည့်အလေ့အထကို အားပေးသည့် လုပ်ငန်းများကို မြှင့်တင်ရန်၊

(၁၁) ခေတ်စနစ်နှင့်လျော်ညီသော စာကြည့်တိုက်များ ပေါ်ပေါက်ရေး နှင့်ရေရှည်တည်တံ့စေရေး ဆောင်ရွက်ပေးရန်၊

(၁၂) လူငယ်များအကြား ပြဋ္ဌာန်းမှုရင်း၊ အသုံးအနှုန်းများကို မပျောက် ပျက်အောင်နှင့် တန်ဖိုးထားသုံးနှုန်းတတ်စေရေး အစီအမံများ ဆောင်ရွက်ပေးရန်၊

(၁၃) စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုများ ဖော်ထုတ်ရာတွင် ခွဲခြား ဆက်ဆံသော ဖော်ပြမှုများ၊ လွဲမှားသော အတုယူမှုများ မဖြစ်စေ ရန်နှင့် မှန်ကန်သော သတင်းအချက်အလက်များ ရရှိရေး ဆောင်ရွက်ရန်၊

(၁၄) လူငယ်များ၏အနုပညာနှင့် တီထွင်ဖန်တီးမှုများကို လွတ်လပ်စွာ ထုတ်ဖော်ခွင့်ပေးရန်နှင့် ကာကွယ်ပေးရန်၊

(၁၅) လူငယ်များဖန်တီးထားသည့်အနုပညာများကိုအများပြည်သူအား ပြန်လည်မျှဝေနိုင်မည့်နေရာများ အစိုးရအနေနှင့် စီစဉ်ပေးရန်၊

(၁၆) တိုင်းရင်းသားပေါင်းစုံ၏ အနုပညာများကို လေ့လာသင်ယူနိုင်မည့် သင်တန်းကျောင်းများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပိုမိုတိုးချဲ့ဖွင့်လှစ်ပေးရန်၊

(၁၇) တိုင်းရင်းသားယဉ်ကျေးမှု နှီးနှောဖလှယ်ပွဲများ ပြည်တွင်းသာမက ပြည်ပထိ သွားရောက်ကျင်းပ ဖော်ဆောင်ခွင့်များကို ဖန်တီးပေးရန်၊

(၁၈) ခေတ်ပေါ်စကားပြေနှင့် ကဗျာများကိုလည်း အထက်တန်းအဆင့် မြန်မာစာသင်ရိုးတွင် ထည့်သွင်းပြဋ္ဌာန်းခြင်း၊ ကိုယ်တိုင်ဖန်တီးရေးသားနိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် လူငယ်များ၏ လက်ရှိစာပေယဉ်ကျေးမှုအပေါ် ပါဝင်ဆောင်ရွက်နိုင်စွမ်းမြှင့်တင်ရန်။

(ဈ) **သုတေသန။** အောက်ပါသတ်မှတ်ချက်များပါဝင်ပါသည် -

( ၁) နေရာဒေသအလိုက်အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုး၊မွေးမြူရေးနှင့်အခြားကဏ္ဍများတွင်ထိရောက်သောသုတေသနလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာ၌ လူငယ်များပါဝင်စေရန်နှင့် အကျိုးခံစားခွင့်များရရှိရေး စီမံဆောင်ရွက်ပေးရန်၊

(၂) နယ်ပယ်အသီးသီး၌ လူငယ်သုတေသန ပညာရှင်များ ပေါ်ထွန်းလာရေးအတွက် အခွင့်အလမ်းများ ဖော်ထုတ်ပေးပြီး လိုအပ်သောအထောက်အပံ့များ၊ နည်းပညာများပံ့ပိုးပေးရန်နှင့် သုတေသနအချက်အလက်များ၊ အရင်းအမြစ်များကို လက်လှမ်းမှီရယူအသုံးပြုပိုင်ခွင့်ရှိရန်၊

(၃) သုတေသနလုပ်ငန်းများမှရလဒ်များကိုလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လူငယ်များကိုယ်တိုင်ပါဝင်နိုင်ရန်၊

(၄) လူငယ်ရေးရာကိစ္စရပ်များနှင့် သက်ဆိုင်သော သုတေသနများပြုလုပ်ပြီးရရှိလာသောသတင်းအချက်အလက်များကို လက်တွေ့အသုံးချရန်၊

(၅) အခြေခံပညာအဆင့်မှစ၍လူငယ်များသုတေသနလုပ်ငန်းဆိုင်ရာသဘောတရားနှင့် လုပ်ငန်းစဉ်များကို ရင်းနှီးကျွမ်းဝင်မှု ရှိစေရန်၊ လက်တွေ့အသုံးချနိုင်စေရန်အစီအမံများ၊ ချိတ်ဆက်ဆောင်ရွက်မှုများ၊သက်ဆိုင်ရာနယ်ပယ်အလိုက်ဆောင်ရွက်ပေးရန်၊

(၆) နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည်တွင်း၊ ပြည်ပသုတေသနပညာရှင်များဖိတ်ခေါ်၍နည်းပညာဖလှယ်ရန် သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ရန်၊

(၇) ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍများအလိုက် သုတေသနလုပ်ငန်းစဉ်အတွက် လုံလောက်ထိရောက်သော ဘဏ္ဍာငွေ၊ နည်းပညာပံ့ပိုးမှု အစီအမံများနှင့်အတူ သုတေသန

ရလဒ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အလွယ်တကူသိရှိ အသုံးချနိုင်ရန် သတင်းအချက်အလက်စင်တာများ ထားရှိ ဆောင်ရွက်ပေးရန်၊

( ၈) နိုင်ငံတော်အစိုးရက သုတေသနကဏ္ဍအလိုက် လိုက်နာရမည့် ဥပဒေများ၊ မူဝါဒများနှင့် သုတေသီများအား အကာအကွယ်ပေး မည့်ဥပဒေနှင့် မူဝါဒများထားရှိရန်။

(ည) **သိပ္ပံနှင့် နည်းပညာ။** အောက်ပါသတ်မှတ်ချက်များပါဝင်ပါသည် -

( ၁) သုတေသန၊ သိပ္ပံနှင့်နည်းပညာ ပါရမီရှိသော လူငယ်များအား စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးနိုင်သည့် အစီအမံများကို ချမှတ်ကျင့်သုံးရန်၊

( ၂) မီဒီယာအပါအဝင် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များကို လူငယ် များ လေ့လာသင်ကြားပြီး အကျိုးရှိရှိ အသုံးချနိုင်စေရန်၊

( ၃) နည်းပညာနှင့်ပတ်သက်သော အဖွဲ့အစည်းများ၊ လှုပ်ရှားဆောင်ရွက် မှုများတွင် လူငယ်များ၏ပါဝင်မှုကိုအားပေး မြှင့်တင်ရန်၊

( ၄) လူငယ်များ၏ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းကို အသိအမှတ်ပြု ပြီးလူငယ်သိပ္ပံပညာရှင်၊ နည်းပညာရှင်များ၏သုတေသနပြုနိုင် ရန်အတွက် လိုအပ်သော အကူအညီအထောက်အပံ့များ ရရှိစေ ရေးဆောင်ရွက်ပေးရန်၊

( ၅) နည်းပညာကျွမ်းကျင်လုပ်ငန်းလုပ်ကိုင်သူ လူငယ်များကို နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးတွင် အကျိုးရှိရှိအသုံးချနိုင်မည့် အခွင့်အရေးများ ဖော်ဆောင်ပေးရန်၊

( ၆) သိပ္ပံနှင့်နည်းပညာ သင်ရိုးညွှန်းတမ်းများကို ခေတ်စနစ်နှင့် လျော်ညီအောင် အဆင့်မြှင့်တင်ပေးရန်။

( ၄) **ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု**။ အောက်ပါသတ်မှတ်ချက်များပါဝင်ပါသည် -

( ၁) လူ့အခွင့်အရေး၏တန်ဖိုးများ၊ဒီမိုကရေစီစံနှုန်းများနှင့်ဖက်ဒရယ်သဘောတရားများကို လူငယ်များ နားလည်ကျင့်သုံးစေရေး အားပေးမြှင့်တင်ရန်၊

( ၂) နိုင်ငံ့သားကောင်း လူငယ်များ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပျိုးထောင်သည့် အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( ၃) လူငယ်များ၏စေတနာ့ဝန်ထမ်းနှင့် ပရဟိတစိတ်ဓါတ်ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန်နှင့် အထောက်အကူပေးရန်၊

( ၄) ဝန်ထမ်းလူငယ်များကို ထိုက်သင့်သောလစာ၊ စွမ်းရည်မြှင့်တင်မှုအစီအစဉ်များနှင့် အကျိုးခံစားခွင့်ရရှိစေပြီး အလုပ်ကိုဂုဏ်ယူမြတ်နိုးစိတ်နှင့်တာဝန်ယူမှု၊ တာဝန်ခံမှု၊ စိတ်ဓါတ်များပျိုးထောင်မြှင့်တင်ပေးခြင်းအားဖြင့် အဂတိလိုက်စားမှုများကို ဆန့်ကျင်တိုက်ဖျက်ရန်။

## ( ၄) သယံဇာတသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး။

အောက်ပါသတ်မှတ်ချက်များပါဝင်ပါသည် -

( ၁) ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးမြှင့်တင်သည့် လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေပဲ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဖြစ်စဥ်များအဖြစ် ဟန်ချက်ညီ တိုးတက်စေရေးလူငယ်များကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရန်၊

( ၂) သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုကို စိစစ်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းများတွင် လူငယ်များကို ပါဝင်ဆောင်ရွက်ခွင့်ပေးရန်၊

( ၃) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကိုလူငယ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ရန်၊

( ၄) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လူငယ်များ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကို အားပေးရန်၊

( ၅) သဘာဝအမွေအနှစ်များကို မူလသဘာဝအတိုင်း မပျက်စီးစေရန်နှင့်ယိုယွင်းပျက်စီးစပြုနေသောအမွေအနှစ်များကိုထိန်းသိမ်းစောင့်ရှောက်ရာတွင် လူငယ်တိုင်းသည် နိုင်ငံတော်နှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ပိုင်ခွင့်ရှိရန်၊

( ၆) ကာဗွန်ထုတ်လုပ်မှု လျော့နည်းသော လူ့ဘောင်အဖွဲ့အစည်းတည်ထောင်နိုင်ရေးအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေပြီးစဥ် ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေ

သည့်ပြန်လည်ပြည့်ဖြိုးမဲ့ စွမ်းအင်တိုးမြှင့် ထုတ်လုပ်အသုံးချရေးနှင့် စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးချရေး၊ ပြန်လည်ပြည့်ဖြိုးနိုင်စွမ်းမရှိသော သဘာဝသယံဇာတ ဆောင်ရွက်ရန်နှင့် တတ်သိနားလည်သောပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ အတတ်ပညာများကို ပြန်လည်ဝေမျှ ပေးနိုင်စေရေး ဆောင်ရွက်ရန်၊

( ၇) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဆက်စပ်နေသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုစနစ်ကို ဖော်ဆောင်ပြီး လူငယ်များအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် စာတွေ့သင်ကြားရန်နှင့် လက်တွေ့အကောင်အထည်ဖော်သော အစီအစဉ်များဆောင်ရွက်ရန်။

( ၃) **ငြိမ်းချမ်းရေး/ဘဝလုံခြုံရေး။** အောက်ပါသတ်မှတ်ချက်များ ပါဝင်ပါသည်-

(၁) နိုင်ငံတော်တည်ဆောက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဆောင်ရွက်ချက်များတွင် လူငယ်များ စဉ်ဆက်မပြတ် အပြည့်အဝပါဝင်ဆွေးနွေး ဆောင်ရွက်ခွင့်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်နှင့် အကာအကွယ်ပေးရန်၊

(၂) အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားတန်းတူရေးကို ဦးတည်သည့် ပြည်ထောင်စုစိတ်ဓါတ်နှင့် တိုင်းရင်းသားလူငယ်

များအကြား အချင်းချင်းနားလည်ယုံကြည်မှု ရင့်သန်လာရေး အစီအစဥ်များ ဆောင်ရွက်ရန်၊

( ၃) လူငယ်များ၊ အထူးသဖြင့် အမျိုးသမီးငယ်များ၏ ဘဝလုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ဆောင်ရွက်ပေးရန်၊

( ၄) ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး အားနည်းသောဒေသမှ လူငယ်များ၏ အနာဂတ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အကာအကွယ်ပေးခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်း လုပ်ငန်းများမြှင့်တင်ဆောင်ရွက်ရန်၊

( ၅) ရာဇဝတ်မှုနှင့် ပဋိပက္ခများတွင် လူငယ်များ ပါဝင်ပတ်သက်နေခြင်းအား တားဆီးကာကွယ်ရန်နှင့် လျှော့ချရေးလုပ်ငန်းစဥ်များတွင် လူငယ်များပူးပေါင်းပါဝင်ရန်၊

( ၆) ရာဇဝတ်မှုကျူးလွန်ခဲ့သော လူငယ်လူရွယ်များနှင့် ပတ်သက်၍ တရားစီရင်ရေးစနစ်တွင် ထိုက်သင့်သော ပြစ်ဒဏ်နှင့်အတူ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ဦးစားပေးလုပ်ဆောင်ရန်၊

( ၇) မတူကွဲပြားသော လူငယ်များကြားတွင် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ခြင်းဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကို အထောက်အကူပြုရန်၊

(၈) လူမျိုးရေး၊ ဘာသာရေးမတူညီမှုများအကြား သဟဇာတဖြစ်စေမည့်နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် မူဝါဒများ၊ ဥပဒေများ၊ အစီအစဉ်များတွင် လူငယ်များပါဝင်ဆောင်ရွက်ရန်။

( ပ) **ကျား၊ မ ညီမျှမှု။** အောက်ပါသတ်မှတ်ချက်များပါဝင်ပါသည် -

(၁) လိင်စိတ်ခံယူမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်းများကို ဖြစ်စေနိုင်သော အယူအဆများ၊ အသုံးအနှုန်းများနှင့် မီဒီယာဖော်ပြချက်များအပေါ် အသိပညာပေးရန်နှင့် ဥပဒေများပြဋ္ဌာန်း၍ တားဆီးကာကွယ်ရန်၊

(၂) မသန်စွမ်း အမျိုးသမီးများအပါအဝင် အထူးအလေးပေးရမည့် အမျိုးသမီးများအတွက် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ကို လူငယ်စင်တာများတွင် ထည့်သွင်းထားရှိပေးရန်ဖြစ်စေ လိုအပ်ပါက အမျိုးသမီးနားခိုရာနေရာများ(SafeHouse) တည်ထောင်၍ဖြစ်စေ ဆောင်ရွက်ပေးရန်၊

(၃) ဆုံးဖြတ်ချက်ချရသည့် အခန်းကဏ္ဍများ၌ အမျိုးသမီးငယ်များ၊ လိင်စိတ်ကိုင်းညွတ်မှုနှင့် လိင်ဝိသေသ ကွဲပြားသူများ၏ ခေါင်းဆောင်မှုနှင့် ရပိုင်ခွင့်များကို တန်းတူအခွင့်အရေးပေးရန်၊

(၄) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် မျှတသောဖွံ့ဖြိုးတိုးတက်မှုများအတွက် အမျိုးသားနှင့် အမျိုးသမီးများအကြား ထိရောက်စွာ မိတ်ဖက်ပြုဆောင်ရွက်သော အလေ့အထကိုတိုးမြှင့်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိကြောင်း သိရှိလာစေရန်။

(ဏ) **လူ့အခွင့်အရေး။** အောက်ပါသတ်မှတ်ချက်များပါဝင်ပါသည် -

( ၁) လူ့အခွင့်အရေးကြေငြာစာတမ်းပါအချက်များအရလူငယ်တစ်ဦး၏မွေးရာပါအခွင့်အရေးများတန်းတူညီမျှရရှိရေးအတွက်အကာအကွယ်ပေးရန်၊လေးစားရန်၊ မြှင့်တင်ရန်နှင့် ဖြည့်ဆည်းပေးရန်၊

( ၂) လူငယ်များကို လူ့အခွင့်အရေး သဘောတရားများနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု အသိပညာများပေးရန်၊

( ၃) လူ့အခွင့်အရေး လုပ်ငန်းစဉ်များတွင် ပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံခြင်းနှင့် တိုင်ကြားမှု ယန္တရားကိစ္စရပ်များတွင် လူငယ်များ အရှိန်အဟုန်ဖြင့် ပါဝင်လာအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(တ) **နိုင်ငံတကာဆက်ဆံရေး**။ အောက်ပါသတ်မှတ်ချက်များပါဝင်ပါသည်-

( ၁) နိုင်ငံတကာလူမှုအသိုက်အဝန်းတွင် မြန်မာလူငယ်များ၏ ဂုဏ်သိက္ခာအရည်အသွေးနှင့် အဆင့်အတန်း မြင့်မားလာစေရန်လိုအပ်သော ထောက်ပံ့မှုများအခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊

( ၂) နိုင်ငံတကာလူငယ် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

( ၃) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော လူငယ်များ၏ အသက်အိုးအိမ်စည်းစိမ်နှင့် ရသင့်ရထိုက်သော အခွင့်အရေးများအတွက် နိုင်ငံတော်အစိုးရသည် အခြားနိုင်ငံအစိုးရများ၊ နိုင်ငံတကာ

အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ထိထိရောက်ရောက်ပူးပေါင်း ဆောင်ရွက်ပြီး အကာအကွယ်ပေးရန်၊

( ၄) မြန်မာနှင့် နိုင်ငံတကာလူငယ်များအကြား ကဏ္ဍပေါင်းစုံနှီးနှော ဖလှယ်ရေး အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်။

## အရေးပေါ်အခြေအနေ

၃၄။ သဘာဝဘေးအန္တရာယ်များ၊ လူတို့၏ ပြုမူဆောင်ရွက်မှုကြောင့်ဖြစ်သော ဘေးအန္တရာယ်များ၊ စစ်ဘေးစစ်ဒဏ်နှင့် နယ်မြေမတည်ငြိမ်မှုများကြောင့် ဖြစ်ပေါ်လာသော အရေးပေါ်အခြေအနေများတွင် လူငယ်များ အထူးသဖြင့် အမျိုးသမီးငယ်များနှင့် မသန်စွမ်းလူငယ်များကို ထိရောက်စွာကာကွယ် ကူညီပေးနိုင်ရန် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရမည်။ ထိုသို့ဆောင်ရွက်ရာတွင် လူငယ်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုလည်း ရယူရန်လိုအပ်ပါသည်။

## လူငယ်များရရှိနိုင်သော အခွင့်အလမ်းများ

၃၅။ ဤလူငယ်မူဝါဒပါ လူငယ်များနှင့်သက်ဆိုင်သည့် အခွင့်အလမ်းများအားလုံးကို လူငယ်အားလုံး တန်းတူရယူပိုင်ခွင့်ရှိသည်။

## လူငယ်များ၏တာဝန်ဝတ္တရားများ

၃၆။ လူငယ်များအနေဖြင့် ပြည်ထောင်စုကို ချစ်မြတ်နိုးစိတ်နှင့်အတူ နိုင်ငံ့သားကောင်းပီသစွာ နေထိုင်ပြီး ဤလူငယ်မူဝါဒပါ အဓိကကဏ္ဍများတွင် ဖော်ပြထားသော တာဝန်နှင့်ဝတ္တရားများကို လေးစားလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

## သက်ဆိုင်ရာအသီးသီး၏တာဝန်ဝတ္တရားများ

၃၇။ နိုင်ငံတော်အစိုးရနှင့်တကွ လူငယ်များ၏အရေးအရာနှင့် ပတ်သက်ဆက်နွယ်သောဌာနများ၊ အဖွဲ့အစည်းများနှင့် မိဘပြည်သူများသည်လည်း လူငယ်မူဝါဒ၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကအခန်းမှ ပါဝင်ပါသည်။ လူငယ်မူဝါဒမှတဆင့်ပေါ်ပေါက်လာနိုင်သော ဥပဒေများ၊ မဟာဗျူဟာစီမံကိန်း၊ စီမံချက်များသာမကရှိပြီးဖြစ်သော ဥပဒေများ၊ မဟာဗျူဟာစီမံကိန်း၊ စီမံချက်များကိုလူငယ်များ၏အကျိုးအားလျော်စွာပြည့်ပြည့်ဝဝ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။

## ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုယန္တရား

၃၈။ လူငယ်များနှင့်သက်ဆိုင်သော အခန်းကဏ္ဍအသီးသီးအတွက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကဏ္ဍများအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဤမူဝါဒမှ အသိအမှတ်ပြုပါသည်။ ပြည်ထောင်စုဝန်ကြီးဌာနများအချင်းချင်းကြား၊ ပြည်ထောင်စုအစိုးရ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကြား၊ အစိုးရ၊ လူမှုအဖွဲ့အစည်းများနှင့် လူငယ်များကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုယန္တရားကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖော်ဆောင်ရမည်ဖြစ်ပါသည်။

၃၉။ မူဝါဒ၏လိုအပ်ချက်အရ ချမှတ်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းအစီအစဉ်များတွင် ကွာဟချက်များ ဖြည့်ဆည်းရန်၊ မလိုအပ်သည်များကိုပြင်ဆင်ရန်၊ လုပ်ငန်းထပ်တူမှုများကို ပယ်ဖျက်ရန်နှင့် ပြန်လည်သုံးသပ်မှုများ

ကို ပြုလုပ်ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု ယန္တရားအသီးသီးက အကူအညီပေးပါမည်။

## မူဝါဒကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၄၀။ မူဝါဒပြဋ္ဌာန်းပြီးနောက် မဟာဗျူဟာလုပ်ငန်းစဉ်ကို ဤမူဝါဒအတည်ပြုပြီး (၆)လ အတွင်းအပြီးရေးဆွဲရမည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် သတင်းအချက်အလက်များကိုရယူ၍ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ရမည်။ အဆိုပါ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူငယ်ကိုယ်စားလှယ်များပါဝင်သော ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လူငယ့်ရေးရာကော်မတီများဖွဲ့စည်းကာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ထိုသို့ အကောင်အထည်ဖော်ရာတွင် လူငယ့်ရေးရာကော်မတီများ၏ ဆွေးနွေးညှိနှိုင်းမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ၊ တာဝန်ခံမှုအားကောင်းစွာဖြင့် ဆောင်ရွက် အကောင်အထည်ဖော်ရမည်ဖြစ်သည်။ မူဝါဒတွင် ပါရှိသောမူများကို အကောင်အထည်ဖော်ရာတွင် ပြည်သူလူထုအောက်ခြေအဆင့်အထိ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အလေးထား၍ လက်ရှိအသက်ဝင်လျက်ရှိသော ဥပဒေများနှင့် ဆောင်ရွက်ဆဲ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းများသည် သွေဖီမှုမရှိလျှင် အချိန်နှင့်တပြေးညီ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ခွန်အားစိုက်ရမည် ဖြစ်ပါသည်။ အကယ်၍ ဆောင်ရွက်ဆဲ စီမံကိန်း၊ စီမံချက်များတွင် ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ရန် လိုနေပါက သက်ဆိုင်ရာဝန်ကြီးဌာနများ အလိုက်သင့်လျော်သလို ဖြည့်စွက်ပြင်ဆင်ဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်ရပါမည်။

၄၁။ အထူးအလေးပေးရမည့် လူငယ်အမျိုးအစားများအတွက် မဟာဗျူဟာစီမံကိန်း၊ စီမံချက်နှင့် လုပ်ငန်းစဉ်များတွင် သီးသန့်ဖြည့်စွက်ဆောင်ရွက်သင့်သည့် ကိစ္စ

များရှိသည်ဆိုပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ အောက်ဖော်ပြပါ လုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန် အရေးကြီးပါသည်-

(က) လူမှုအဖွဲ့အစည်းအတွင်းရှိ ချို့တဲ့နွမ်းပါးသော လူငယ်များ၊ စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကာယပိုင်းဆိုင်ရာ မသန်စွမ်းသော လူငယ်များ၏ စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးအာမခံချက် များရရှိရေးကို အလေးထားဆောင်ရွက်ရန်၊

(ခ) ထိခိုက်လွယ်သော လူငယ်လူရွယ်တို့ကို လိုအပ်ချက်နှင့်အညီ စောင့်ရှောက်မှုပေးနိုင် ရေးဦးစားပေးဆောင်ရွက်ရန်၊

(ဂ) ဦးစားပေး လူငယ်လူရွယ်များ အချင်းချင်းလည်း လိုအပ်ချက်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းသဘောသဘာဝတူညီမှုများရှိလျှင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ယန္တရားတစ်ခု ဖော်ဆောင်ရန်၊

## မူဝါဒအကောင်အထည်ဖော်ရန် အရင်းအမြစ်လိုအပ်ချက်များ

၄၂။ ဤမူဝါဒကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် (နည်းပညာ၊ ဘဏ္ဍာငွေ၊ လူ့စွမ်းအား၊ ပစ္စည်းအင်အား၊ နေရာ)များကို ဖော်ထုတ်သတ်မှတ်ခြင်း၊ အခွင့်အလမ်းဖန်တီးပေးခြင်းတို့အား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများမှ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့များအလိုက် လူငယ်ရေးရာနှင့် ပတ်သက်၍ လိုအပ်သည့် ရန်ပုံငွေကို နှစ်စဉ်ထည့်သွင်းရေးဆွဲ၍ သုံးစွဲရမည်။

## ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်း

၄၃။ ဤမူဝါဒအရ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို လူငယ်ရေးရာကော်မတီက တစ်နှစ်လျှင်(၁)ကြိမ် ပြန်လည်ကြီးကြပ်သုံးသပ်၍ လိုအပ်ပါက မူဝါဒကို ခေတ်စနစ်အခြေအနေနှင့် လိုက်လျောညီထွေမှုရှိရန် ပြင်ဆင် ဆောင်ရွက်ရမည်။

## နိဂုံး

၄၄။ ဤလူငယ်ရေးရာမူဝါဒသည် မြန်မာနိုင်ငံအတွင်းရှိ တက်ကြွလှုပ်ရှားသူလူငယ်များနှင့် တိုင်းရင်းသားလူငယ်များ၏ ဦးဆောင်ဆွေးနွေးမှုနှင့် လွှတ်တော်များ၊ ဝန်ကြီးဌာနများ၊ အခြားအုပ်စုပါ ကိုယ်စားလှယ်များမှ ပါဝင်ရေးဆွဲထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လုပ်ကိုင်စွမ်းရည်၊ လူ့ကျင့်ဝတ်၊ လူတန်ဖိုးနှင့်ဦးဆောင်မှု အရည်အသွေးပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပေါ်ပေါက်ရေးအတွက် အားကောင်းခိုင်မာသော၊ထိရောက်သောမဟာဗျူဟာမြောက် လုပ်ငန်းစဥ်များရေးဆွဲရာတွင် အထောက်အကူပြုမည့်မူဝါဒဖြစ်သည်။ အနာဂါတ်မျှော်မှန်းချက်အလားအလာများနှင့် ပြည့်ဝနေသောလူငယ်များ၏ အရည်အသွေးနှင့်စိတ်ဓါတ်ကို ပျိုးထောင်ပေးနိုင်သည့် မူဘောင်တစ်ခုအဖြစ် လမ်းညွှန်ပေးနိုင်သည်သာမက လူငယ်များ၏ ကိုယ်တိုင်ကိုယ်ကျပါဝင်မှု၊ နိုင်ငံတော်၏ပံ့ပိုးမှု၊ ဝန်ကြီးဌာနနှင့် အခြားသော အဖွဲ့အစည်းများ၏ ကြိုးပမ်းမှုနှင့် ပြည်သူလူထုနှင့်မိသားစုများ၏ လက်တွဲလုပ်ဆောင်မှု အားလုံးပေါင်းစပ်ခြင်းဖြင့် လူငယ်များအား ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများ ဖြစ်လာရန် ပျိုးထောင်ပေးနိုင်ရန်

ရည်ရွယ်သည်။ လက်ရှိနိုင်ငံအခြေအနေ၏ လူငယ်ထု(သို့မဟုတ်) လုပ်သားအင်အားများပြားနေသည့် လူဦးရေဆုလာဘ်အား ကောင်းစွာအသုံးပြု၍ အစိုးရတစ်ရပ်အနေဖြင့် ကဏ္ဍပေါင်းစုံတွင် အထူးအလေးထားဆောင်ရွက် အကောင်အထည်ဖော်ဆောင်မည့် ဘက်စုံလူငယ်ဖွံ့ဖြိုးမှု အစီအစဉ်များအား လမ်းပြနိုင်မည့် မူဝါဒတစ်ရပ်ဖြစ်သည်ဟု ယုံကြည်ပါသည်။